# 2 စာသင်ကျောင်းမတက်မီ ပညာရေး

မူလတန်းကျောင်းမတက်မီကလေးငယ်အတွက် စာသင်ကျောင်းမတက်မီ ပညာရေးကို မူကြိုကျောင်းများက သင်ကြားပေးနေသည်။

## 2-1 မူကြိုကျောင်း

မူကြိုကျောင်းသည် အသက်၃နှစ်ပြည့်မှစ ပြီးမူလတန်းမတက်မီအထိ ပညာသင်ကြားရာနေရာဖြစ်သည်။ အများပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်ကျောင်းများရှိပြီး နိုင်ငံ၊ ဒေသအစိုးရ၊ ပုဂ္ဂလိကပညာရေးအဖွဲ့အစည်းများက တည်ထောင်ထားသည်။ အချို့ဒေသတွင် ပုဂ္ဂလိကမူကြိုကျောင်းသားများအတွက် ထောက်ပံ့ငွေပေးသည့်ဒေသအစိုးရလည်းရှိသည်။

အလုပ်အကိုင်လုပ်ကိုင်နေ၍ ကလေးပြုစုစောင့်ရှောက်ရန်ခက်ခဲသော အုပ်ထိန်းသူအတွက် ပြုစုစောင့်ရှောက်မှုလိုအပ်သော နို့စို့ကလေးငယ်နှင့် ကလေးငယ်ကို စောင့်ရှောက်ပေးသည့် နေ့ကလေးထိန်းကျောင်း (Hoikusho)လည်းရှိသည်။ အသေးစိတ်ကို (H ကလေးမွေးဖွား၊ ကလေးစောင့်ရှောက်မှု 5-1အသိအမှတ်ပြုနေ့ကလေးထိန်းကျောင်း) တွင်ကြည့်ရန်။

| | ဒေသအစိုးရမူကြို | ပုဂ္ဂလိကမူကြို |
|---|---|---|
| မူကြိုတက်ခွင့်ရှိသူ | တက်မည့်မူကြိုရှိသည့်ရပ်ကွက်တွင်နေထိုင်သူ၄နှစ်မှ၅နှစ်ကလေး<br>(မြို့နယ်ပေါ်မူတည်ပြီး၃နှစ်မှစတင်လက်ခံတတ်သည်) | ၃နှစ်မှ၅နှစ် |
| စောင့်ရှောက်ပေးသည့်အချိန် | နံနက်၉နာရီမှနေ့လယ်၂နာရီစနေ၊တနင်္ဂနွေအစိုးရပိတ်ရက်၊နွေ၊ဆောင်း၊နွေဦးရာသီပိတ်ရက်များတွင်ကျောင်းပိတ်သည်။ | ကျောင်းပေါ်မူတည်ကွဲပြားသည်။ |
| လက်ခံကာလ | ၁၀လအကုန်နှင့်၁၁လ၏ရှေ့ရက်များ | အကြမ်းအားဖြင့်<br>၁၀လပိုင်းနှင့်၁၁လ၏ရှေ့ရက်ပိုင်း |
| လျှောက်လွှာတင်ရန် | သက်ဆိုင်ရာမူကြိုကျောင်းသို့ | သက်ဆိုင်ရာမူကြိုကျောင်းသို့ |
| ကုန်ကျစရိတ် | ကျောင်းဝင်ကြေး(ဝင်ချိန်တွင်)၊ကလေးစောင့်ရှောက်မှုငွေ | ကျောင်းဝင်ကြေး၊စောင့်ရှောက်မှုကြေးအပါအဝင်ကျောင်းအပြင်အဆင်ကြေး၊အလှူငွေကိုပေးသွင်းရသည်။သည့်အပြင်ကျောင်းဝင်ရန်အင်တာဗျူးကြေး၊ဝင်ခွင့်စာမေးပွဲဖြေခိုင်းသည့်ကျောင်းရှိသည့်အတွက်ထပ်မံငွေကုန်ကျလေ့ရှိသည်။ |
| ကျောင်းတက်သည့်ရပ်ကွက် | မိမိနေထိုင်ရာမြို့နယ် | အကန့်အသတ်မရှိ |

# ဘာသာစကားပေါင်းစုံနေထိုင်မှုလမ်းညွှန်

## ၂ ပညာရေး

၂ ပညာရေး ထိပ်သို့

| | ဒေသအစိုးရမူကြို | ပုဂ္ဂလိကမူကြို |
|---|---|---|
| အခြား | ကျောင်းတက်ရာတွင် အုပ်ထိန်းသူ၏အကြိုအပို့နှင့် ထမင်းဘူး လိုအပ်သည့်ကျောင်း များပါသည်။ ကုန်ကျငွေသည်မြို့နယ်ပေါ် မူတည်၍ကွဲပြားသဖြင့် အသေးစိတ်ကိုကျောင်းဝင်ရန်ပြင်ဆင်ချိန်ကတည်းက မိမိနေထိုင်သောမြို့နယ်ရုံးရှိ ပညာရေးကော်မတီအား မေးမြန်းပါ။ | မြို့နယ်ပေါ် မူတည်ပြီးကျောင်းဝင်ခွင့်ထောက်ပံ့ကြေး၊ ကလေးစောင့်ရှောက်သူအုပ်ထိန်းသူထောက်ပံကြေး၊ မူကြို ကျောင်းတက်မှုထောက်ပံ့ကြေးများ ရှိသည်။ ပုဂ္ဂလိက ကျောင်းများသည်၎င်းတို့၏ သင်ကြားမှုအားသာချက်များရှိ သဖြင့် ကျောင်းတက်ရန်ပြင်ဆင်ချိန်၌ မေးမြန်းစုံစမ်းရန်။ |